# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 23, 2019 Volume 26, Number 16


**၂၃.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၈၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၃၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၁/- ကျပ် |
| CBM Rate | = ၁၄၉၆.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၅၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၃.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၀.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၆၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၄၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၃၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၆၀၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကဏ္ဍအလိုက် ပို့ကုန်မြှင့်တင်ရေး အစီအစဉ်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပခြင်း



အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ဦးစားပေးကဏ္ဍများနှင့် အထောက်အကူပြုကဏ္ဍများအလိုက် ပို့ကုန်မြှင့်တင်ရေး အစီအစဉ်များဆိုင်ရာ ဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးဦးဆောင်၍ ကဏ္ဍအလိုက်တာဝန်ရှိသူများပါဝင်၍ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ နေ့လည် (၁၃:၃၀) နာရီတွင် ရန်ကုန်မြို့၊ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန၌ဆွေးနွေးကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန်က အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ မျှော်မှန်းချက်၊ ဦးတည်ချက်များနှင့် ဦးစားပေးကဏ္ဍများနှင့် အထောက်အကူပြု ကဏ္ဍများ စုစုပေါင်း (၁၈) ခုအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက် နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးမှ အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ကဏ္ဍအလိုက်ကော်မတီ ဖွဲ့စည်းမှုများအား ကောင်းခိုင်မာရန်လိုအပ်ကြောင်း၊ လက်ရှိကဏ္ဍများ၏ တစ်နှစ်အတွင်း ပို့ကုန်မြှင့်တင်ရေးအစီအစဉ်များ ချမှတ်ရန်လိုအပ်ကြောင်း၊ အမှန်တကယ် လက်တွေ့ဖြေရှင်းဆောင်ရွက်သင့်သည့် အချက်များထွက်ပေါ်လာရန် လိုအပ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်တိုးတက်ရေးဘုတ်အဖွဲ့ကိုလည်း တည်ထောင်သွားရန်ရှိကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များကို အားပေးမြှင့်တင်သည့်အနေဖြင့် Exporters Club ကိုလည်း ဖွဲ့စည်းထားရှိကြောင်းစသည်ဖြင့် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ အစီအစဉ်အရ ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်းကောင်း၊ ကဏ္ဍအလိုက် ပို့ကုန် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပါသည်။

ထို့နောက်ကဏ္ဍ အလိုက်တက်ရောက်လာသော ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက

ကဏ္ဍနှင့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေသည့် *National Consultants* များက ပို့ကုန်တိုးမြှင့်ရေးအတွက် ဆောင်ရွက်သင့်သည့်အစီအမံများ၊ လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများနှင့်ဦးစားပေး ဖြေရှင်းဆောင်ရွက်သင့်သည့်အချက်များ၊ အစိုးရကဏ္ဍမှ ပံ့ပိုးကူညီပေးသင့်သည့် လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်နေမှုများတို့ကို အသီးသီးဆွေးနွေးတင်ပြကြပါသည်။ အမြဲတမ်းအတွင်းဝန်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်၍ ချက်ချင်းဆောင်ရွက်သင့်သည့် လုပ်ငန်းများအား ဌာနများမှတင်ပြသွားရန်နှင့် ပူးပေါင်းဆောင်ရွက်သွားရန်တို့အတွက် လမ်းညွှန်မှာကြားပြီး ဆွေးနွေးပွဲကို ညနေ *(၄:၃၀)*တွင် ရုပ်သိမ်းခဲ့ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ *(၂၀၂၀-၂၀၂၅)* ဦးစားပေးကဏ္ဍများမှာ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ *(Machinery & Electrical Equipment)*၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ *(Textile & Garments)*၊သစ်တောထွက်ပစ္စည်းကဏ္ဍ *(Forestry Products)* ၊ လယ်ယာထွက်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ *(Agro-Food Processing)*၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ *(Fisheries)*၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ *(Digital Products and Services)*၊ ဆန်စပါးကဏ္ဍ *(Rice)*၊ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍ *(Pulses & Beans and Oilseeds)*၊ ရော်ဘာလုပ်ငန်းကဏ္ဍ *(Rubber)*၊ ခရီးသွားလုပ်ငန်းကဏ္ဍ *(Tourism)* ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍ *(Fresh Fruits and Vegetables)*၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာကဏ္ဍ *(Gems and Jewellery)* လက်မှုအနုပညာပစ္စည်းကဏ္ဍ *(Handicrafts)* တို့ဖြစ်ပြီး အထောက်အကူပြုကဏ္ဍများမှာ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ *(Quality management)*၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ *(Logistics Services)*၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ *(Trade Information)*၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ *(Innovation and Entrepreneurship)* နှင့်ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍ *(Access to Finance)*တို့ဖြစ်ပါသည်။

***Source: NES Unit***

## ပြည်ပမှလုပ်ငန်းသုံးယာဉ်တင်သွင်းခြင်းကို ကုမ္ပဏီလိုင်စင်ဖြင့်တင်သွင်းခွင့်မပြုတော့၍ အခက်အခဲရှိနိုင်

လာမည့် ၂၀၂၀ ပြည့်နှစ်မှစ၍ ပြည်ပမှလုပ်ငန်းသုံးယာဉ်တင်သွင်းခြင်းကို ကုမ္ပဏီလိုင်စင်ဖြင့် တင်သွင်းခွင့်မပြုတော့ဘဲ ကားအရောင်းစင်တာဖွင့်လှစ်မှသာ တင်သွင်းခွင့်ရှိတော့မည်ဖြစ်၍ လုပ်ငန်းသုံးကားများတင်သွင်းမှု အခက်အခဲရှိလာနိုင်ကြောင်း မော်တော်ကား တင်သွင်းရောင်းချသူများထံမှ ဒီဇင်ဘာ ၂၂ ရက်တွင်သိရသည်။ ပြည်နယ်နှင့်တိုင်းများတွင် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ကိုင်သူများအတွက် လုပ်ငန်းသုံးကားများမှာ လိုအပ်ချက်ရှိနေပြီး ၂၀၁၈ ခုနှစ်မှစတင်၍ လုပ်ငန်းသုံးကားများတင်သွင်းခြင်းကို ဂျပန်နိုင်ငံထုတ် ညာမောင်းကားတင် သွင်းခွင့်မပြုတော့ဘဲ ဘယ်မောင်းကားများ တင်သွင်းရန် သတ်မှတ်ခြင်းဖြစ်သည်။ "ပြီးခဲ့တဲ့ နှစ်တွေကလည်း လုပ်ငန်းသုံး ညာမောင်းကားတင်သွင်းတာကို ပိတ်လိုက်ပြီ။ သွင်းစရာကားလည်း မကျန်တော့ဘူး။ အခုဘယ်မောင်းကား တင်သွင်းခွင့်ပေးထားတော့လည်း ကိုရီးယားကား၊ တရုတ်ကားပဲ သွင်းနေကြတာ။ အရင်က လုပ်ငန်းသုံးကားတင်သွင်းတာကို ကုမ္ပဏီလိုင်စင်နဲ့ ကားတင်သွင်းခွင့်ပေးထားယ်။ လာမယ့်နှစ်က စပြီး ကုမ္ပဏီလိုင်စင်နဲ့ကားတင်သွင်းတာ ခွင့်မပြုတော့ဘူး။ ကားအရောင်းစင်တာဖွင့်မှပဲ လုပ်ငန်းသုံးကားတင်သွင်းရတော့မယ်။ နယ်စပ်ကလုပ်ငန်းသုံးကား တင်သွင်းတာကိုလည်း BrandNew ကားတွေပဲ တင်သွင်းရတော့မယ်ဆိုတော့ ကားတင်သွင်းမှု အခက်အခဲတွေ ရှိလာနိုင်တယ်။ ကားတင်သွင်းတာကို အဘက်ဘက်က ကန့်သတ်ထိန်းချုပ်နေတာ မဖြစ်သင့်ဘူး။ ညာမောင်းကားတင်သွင်းမရတဲ့ နောက်ပိုင်းမှာ ဈေးအတက် ဆုံးကားထဲမှာ အင်ဂျင်ပါဝါ ၆၆၀ စီစီ Hijet လုပ်ငန်းသုံးကားလေးတွေက ဈေးအတက်ဆုံးဖြစ်နေတယ်။ အရင်က သိန်း ၇၀ နဲ့ ၈၀ လောက်ဝယ်လို့ရတဲ့ကားက အခုဆို ဈေးက သိန်း ၁၃၀ လောက်ဖြစ်နေပြီ။ မိုဒယ်အမြင့် Hijet ကားတွေဆို သိန်း ၁၈၀ လောက်အထိဈေးတက်လာတယ်။ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းလုပ်တဲ့သူတွေကလည်း အင်ဂျင်ပါဝါ အသေး ၆၆၀ စီစီကား ကိုပဲ အမေးများတယ်။ နယ်တွေမှာ ကုန်သယ်ဖို့အတွက် မိုးတွင်းမရောက်ခင် ဆီစားနှုန်းလည်းသက်သာပြီး ကားကြွခိုင်မှုနဲ့ ပြင်ဆင်ရတာလည်းလွယ်တယ်၊ အပိုပစ္စည်းဆိုလည်း အတော်ပေါတဲ့အတွက် ဒီကားလေးတွေပဲ သုံးလာကြတာ။ နောက်တော့ ဒီကားတွေက ထပ်ပြီးသွင်းမရတော့တာ လိုအပ်ချက်ရှိလာတော့ ဈေးကအရမ်းတက်လာတာ။ ဖွံ့ဖြိုးစပြုနေတဲ့ နိုင်ငံအနေနဲ့ လုပ်ငန်းသုံးကား တင်သွင်း

တာကို အမျိုးမျိုး ကန့်သတ်နေတာတော့ မဖြစ်သင့်ဘူး"ဟု ပြည်ပမှလုပ်ငန်းသုံးကားများ တင်သွင်းရောင်းချနေသူ ကိုအောင်မျိုးက ဒီဇင်ဘာ ၂၂ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံမှ လုပ်ငန်းသုံး ညာမောင်း ကားများမှာ ၂၀၁၈ ခုနှစ်မှစ၍ တင်သွင်းခွင့်မရှိတော့သည့်အတွက် ယခင်ကလက်ကျန်တင်သွင်းထားသော လုပ် ငန်းသုံး ကားကြီးများ ဈေးနှုန်းအမြင့်ဆုံးအထိ မြင့်တက်လာကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132770.html

## မြန်မာနှင့်ဗီယက်နမ် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းရှင်များဆွေးနွေး

ဗီယက်နမ်အမျိုးသမီးလုပ်ငန်းရှင်များအသင်း (Vietnam Association of Women Entrepreneurs-VAWE)နှင့် ကုန်သည် စက်မှုအသင်းချုပ်တို့ပူးပေါင်း၍ အမျိုးသားကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ်ဖြင့်"Vietnam - Myanmar Business Matching" ကို ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ ဆွေးနွေးခဲ့သည်။

မြန်မာနှင့်ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးနိုင်ရေး၊ သတင်း အချက်အလက်ဖလှယ်နိုင်ရေးနှင့် အနာဂတ်တွင်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကာ ဗီယက်နမ် နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၅၀ ကျော်နှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၆၀ ကျော်တက်ရောက်ခဲ့ကြသည်။ ယင်းတွေ့ဆုံပွဲတွင်မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံမှ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ ထုပ်ပိုးမှုလုပ်ငန်း၊ လက်မှုပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဂိုဒေါင်ငှားရမ်းခြင်းလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းလုပ်ငန်း၊ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်း၊ ဖက်ရှင်နှင့်အဝတ်အထည်လုပ်ငန်း၊ ဇီဝထုတ်ကုန်နှင့်အလှကုန်လုပ်ငန်းစသည့် စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/132734.html

## စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ဗီယက်နမ်နှင့် ဂျာမနီတို့မှ ရန်ကုန်တိုင်းအတွင်း အမေရိကန်ဒေါ်လာ ၂၉ သန်းကျော် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီးအတွင်း မတည်ငွေရင်းပမာဏ အမေရိကန် ဒေါ်လာ ၂၉ သန်းကျော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခုကို ဒီဇင်ဘာ ၁၈ ရက်တွင်ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးက ခွင့်ပြုခဲ့ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများမှာ စက်မှုကဏ္ဍအတွက် တရုတ်၊ ဟောင်ကောင်၊ စင်ကာပူ၊ ဗီယက်နမ်၊ ဂျာမနီနှင့် မလေးရှား နိုင်ငံတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၄ ခုဖြစ်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၃၃ သန်း ရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအတွက်အလုပ်အကိုင်အခွင့်အလမ်း ၈၅၈၂ နေရာ ဖန်တီးပေးနိုင်မည်ဟုဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက တစ်လလျှင်နှစ်ကြိမ် အစည်းအဝေးပြုလုပ်ကာ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍစသည်ဖြင့် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများကိုစိစစ်ပြီး အမေရိကန်ဒေါ်လာ ငါးသန်း (သို့) မြန်မာငွေကျပ် သန်း ၆,၀၀၀ အထိရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုခွင့်ပြုမိန့်ထုတ်ပေးလျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132721.html

## နယ်စပ် နန်းဖာလုံဈေးတွင် ကလေး၊ ချင်းတောင် တမူးဒေသထွက် မျောက်ငိုသီးများ ဈေးကောင်းရနေ

မြန်မာ–အိန္ဒိယနယ်စပ်ဈေးတွင် အရောင်းအဝယ်အကောင်းဆုံးဖြစ်သည့် တမူးနယ်စပ် နန်းဖာလုံဈေးတွင် ဒီဇင်ဘာ လဆန်းချိန်မှအစပြု၍ မဏိပူရပြည်နယ်သား ကသည်းလူမျိုးတို့ကြိုက်နှစ်သက်သည့် မျောက်ငိုသီးများ အရောင်းသွက်လျက် ရှိပြီး၊ ယခုရက်ပိုင်း မဏိပူရပြည်နယ်တွင် ကသည်းပွဲတော်များရှိနေသည့်အတွက် ရသလောက်ဝယ်ယူနေကြောင်း တမူး နယ်စပ်ဈေးမှ ပွဲစားဒေါ်သောင်းတင်ကပြောသည်။ "မျောက်ငိုသီးကို ချင်းတောင်မှာလည်းစိုက်ကြတယ်၊ ကလေးဒေသနဲ့ တမူးနယ်မှာလည်းစိုက်တဲ့သူများတယ်၊ အခုရက်ပိုင်း တမူးနယ်စပ်ဈေးမှာ လာရောင်းကြတဲ့ကုန်သည်တွေ ရာချီပြီး နေ့စဉ် ဝင်ပါတယ်၊ တစ်ဖက် ကလည်း ရသလောက်ဝယ်ပါတယ်။ ရောက်ပြတ်လို့ပြောရမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

မျောက်ငိုသီးသည်စတင်စိုက်ပျိုးသည်မှ သုံးနှစ်သားတွင်အသီးသီးပြီး၊ အပင်အသီးသီးမှုအပေါ်မူတည်၍ တစ်နှစ်လျှင် မျောက်ငိုသီးတစ်ပင် ကျပ်နှစ်သိန်းမှသုံးသိန်းအထိ အပင်ပြတ်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ယခုရက်ပိုင်း တမူး နယ်စပ်ဈေးတွင် မျောက်ငိုသီး အတောင့် ၁၀၀ လျှင် အိန္ဒိယရူပီးငွေ ၆၀၀ ဈေးရှိပြီး၊ မြန်မာငွေနှင့်လက်လီရောင်းချလျှင် တစ်တောင့်ကျပ် ၁၅၀ ဖြင့် ရောင်းချကြောင်းသိရသည်။ ယခုရက်ပိုင်း မြန်မာငွေကျပ် ၁၉၅၀ လျှင် အိန္ဒိယရူပီး ၁၀၀ ရှိသည်။ "နယ်စပ်နန်းဖာလုံဈေးမှာ အခုရက်ပိုင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး နယ်မြေအေးငြိမ်းနေတဲ့အတွက် နယ်စပ် ရောင်းဝယ်ရေးသွက်လက်နေပါတယ်၊ အခုရက်ပိုင်းမှာတော့ မျောက်ငိုသီးက ပေါ်ဦးပေါ်ဖျားဖြစ်ပြီး နယ်စပ်ဈေးမှာ အရောင်းအဝယ်အကောင်းဆုံး ကုန်စည်လို့ပြောရမှာဖြစ်ပါတယ်၊ နှစ်စဉ်ဒီဇင်ဘာလဆန်းမှာစပေါ်ပါတယ်၊ အခုရက်ပိုင်းက ခရစ္စမတ်၊ နှစ်သစ်ကူးရက်ဖြစ်တော့ အရောင်းအဝယ်အကောင်းဆုံးလ ဖြစ်ပါတယ်"ဟု ကုန်သည်ဦးထန်ကပ်က ပြောသည်။

ငါးနှစ်သား မျောက်ငိုပင်တစ်ပင်လျှင် အသီးသုံးထောင်မှ ငါးထောင်ဝန်းကျင်အထိသီးကြောင်း၊ ဆယ့်ငါးနှစ်သားအထိ လှိုင်လှိုင်သီးသည်။ မျောက်ငိုသီးကို မဏိပူရကသည်းများက ကြော်၊ ချက်၊ ဟင်းသောက်စားကြသည်။ မျောက်ငိုသီး ဟင်းအနံ့သည် တညင်းသီးအနံ့ဖြစ်သည့်အတွက် မြန်မာ–အိန္ဒိယနယ်စပ်နေ ရှမ်းတိုင်းရင်း သားများ၊ နာဂတိုင်းရင်းသားများနှင့် ချင်းတိုင်းရင်းသားတို့ကလည်း ရှားပါးဟင်းတစ်မည်အဖြစ်ဝယ်ယူစားသုံး ကြသည်။ မြန်မာပြည်တွင်မျောက်ငိုသီးပင်ကို တစ်ပိုင် တစ်နိုင်စိုက်ပျိုးမှုများပြားပြီး လွန်ခဲ့သည့်ဆယ်စုနှစ်များမှစတင်၍ ချင်းပြည်နယ် တီးတိန်၊ တွန်းဇံမြို့နယ်တို့တွင်လည်းကောင်း၊ တမူးမြို့နယ်၊ ကလေးမြို့နယ်တွင်လည်းကောင်း နှစ်ရှည်သီးနှံအဖြစ်စီးပွားဖြစ်စိုက်ပျိုးကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132718.html

## ကိုရီးယားအခြေစိုက်ကုမ္ပဏီက လျှပ်စစ်ကဏ္ဍတွင် ကန်ဒေါ်လာ ၃၅ သန်းကျော်ရင်းနှီးမြှုပ်နှံမည်

ကိုရီးယားနိုင်ငံအခြေစိုက် *MCM Power Company Limited* မှ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၀၃၅ သန်း ရင်းနှီးမြှုပ်နှံ၍ သဘာဝလျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ "လျှပ်စစ်ကဏ္ဍနဲ့ ပတ်သက်ပြီး တိုးမြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုနောက်ဆုံး ဆောင်ရွက်ခဲ့တာက ကိုရီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပါပါတယ်။ ဆက်ပြီးတော့လည်း လျှပ်စစ်ကဏ္ဍမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကို တင်ပြအုံးမယ့် ပရောဂျက်တွေ ရှိပါ သေးတယ်။" ဟု ၎င်းကပြောသည်။

အဆိုပါ လုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ရွှေတောင်ကျေးရွာရှိ ရွှေတောင် ဓာတ်အားပေး စက်ရုံ၌ *IPP (BOT)* စနစ်ဖြင့် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းကိုလုပ်ကိုင်သွားမည်ဟုဆိုသည်။ "သူတို့က ဒီမှာရှိပြီးသား လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး စက်တွေကို အဆင့်မြင့်စက်တွေ လဲလှယ်ပြီးတော့ လျှပ်စစ်အား ပိုထွက်အောင်လုပ်မှာဖြစ်ပါတယ်။ ယခင်က မဂ္ဂါဝပ် ၂၀ ထွက်တယ်။ ဒါပေမယ့် အဆင့်မြင့်စက်ကြီးတွေ ပြောင်းလဲတပ်ဆင်လိုက်တယ်ဆိုရင် အရင်ထက် လျှပ်စစ်က ၂ဆ၊ ၃ ဆ ပိုထွက်တယ်။ ၆၀၊ ၈၀ မဂ္ဂါဝပ်လောက် ပိုထွက်တဲ့စက်ကြီးတွေနဲ့ ပြောင်းလဲတပ်ဆင်ထုတ်လုပ်မှာပါ။" ဟု ဦးသန့်စင်လွင်က ပြောသည်။

လျှပ်စစ်ကဏ္ဍတွင်၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း၌ နိုင်ငံ့သုံးစွဲမှု (၅၀) ရာခိုင်နှုန်း ပြည့်မီခဲ့ပြီဖြစ်ပြီး အစိုးရအနေဖြင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး (၁၀၀) ရာခိုင်နှုန်း လျှပ်စစ်မီး ရရှိနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍကို အားပေးမှုများရှိနေခြင်းကြောင့် မကြာမီကာလအတွင်း ဟောင်ကောင်၊ စင်္ကာပူ၊ တရုတ်အစရှိသည့်နိုင်ငံများကလည်း သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် လာရောက် ရင်းနှီး မြှုပ်နှံရန်ရှိသည်ဟု ၎င်းကဆိုသည်။ လျှပ်စစ်ကဏ္ဍတွင် ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် နိဝင်ဘာလ အထိ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု လုပ်ငန်းပေါင်း ၂၁ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၆၂၃ ဒသမ ၆၇ သန်း ဝင်ရောက်ထားကြောင်းသိရသည်။ လက်ရှိတွင် လျှပ်စစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လုပ်ကိုင်ထားသည့် ပြည်ပနိုင်ငံ များမှာ စင်္ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်းနှင့်ဂျပန်နိုင်ငံတို့ဖြစ်သည်။

**Source:** https://www.facebook.com/kope.aung/posts/2528631747406035

**The Fifth Wave News**

## ချင်းပြည်နယ် တီးတိန်ဒေသထွက် လက်ဖက်ခြောက်အသစ်များ ကလေးဈေးကွက်သို့ ပိဿာချိန်ထောင်ချီတင်ပို့

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း စိုက်ပျိုးသည့်လက်ဖက်ခင်းများမှ လက်ဖက်အကြမ်းခြောက်များ နိုဝင်ဘာလဆန်းမှ စတင်၍ လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်ရာ ကလေးဈေးကွက်သို့ လက်ဖက်ခြောက်ပိဿာချိန် ထောင်ချီတင်ပို့ရောင်းချနေပြီဖြစ်ကြောင်း ကလေးမြို့ သဇင်ရပ်ကွက် ချင်းတောင်လက်ဖက်ခြောက်ရောင်းဝယ်ရေးမှ ဦးကျင်ဇပုန်ကပြောသည်။ ချင်းပြည်နယ်၌ လွတ်လပ်ရေးရပြီးချိန်မှအစပြု၍ ဖလမ်းမြို့နယ်နှင့် တီးတိန်မြို့နယ်တို့တွင် လက်ဖက်စိုက်ပျိုးရေးကို စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကာလက ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း တီးတိန်မြို့နယ်မှ လက်ဖက်ခြောက်အများဆုံးထွက်ရှိခဲ့သည်။ ''ကျွန်တော်တို့ တီးတိန်မြို့နယ်ထဲမှာ လက်ဖက်စိုက်ခင်း ကေထောင်ချီရှိပါတယ်၊ နှစ်တိုင်းလည်း လက်ဖက်အကြမ်းခြောက်ထွက်ရှိပါတယ်၊ အချိုခြောက်လုပ်ငန်းနဲ့ လက်ဖက်စိုက်လုပ်ငန်းကတော့ နည်းပညာလိုအပ်ချက်အရ ထုတ်လုပ်ရောင်းချမှုမရှိပါဘူး။ ဖလမ်း၊ ဟားခါးဒေသတွေမှာ လက်ဖက်စိုက်ခင်းတွေရှိပေမယ့် ဈေးကွက်တင်ပို့ရောင်းချနိုင်တဲ့အနေအထားမရှိပါဘူး'' ဟု ဦးကျင်ဇပုန်ကပြောသည်။

ချင်းတောင်လက်ဖက်ခြောက်ကို တီးတိန်မြို့နယ် တွီးဇုားလ်၊ ဒေါ်လွန်၊ စွမ်းဒွေ၊ မွာလ်ပီးဒေသများတွင် လက်ဖက်ပင်စိုက်ပျိုးမှုများပြားပြီး ဒေသခံတို့၏အဆိုအရ လက်ဖက်စိုက်ကေ ထောင်ချီရှိကြောင်းသိရသည်။ နှစ်စဉ်ကလေးဈေးကွက်သို့ လက်ဖက်ခြောက်ပိဿာချိန် ထောင်ချီတင်ပို့ရောင်းချမှုရှိပြီး ကလေးဈေးကွက်မှတစ်ဆင့် ပခုက္ကူ၊ မုံရွာ၊ ဂန့်ဂေါဈေးကွက်များသို့ တင်ပို့ရောင်းချမှုရှိကြောင်း သိရသည်။ ယခုရက်ပိုင်း ချင်းတောင်လက်ဖက်ခြောက် တစ်ပိဿာ ကျပ် ၄၀၀၀ မှ ကျပ် ၆,၀၀၀အထိ ဈေးရှိကြောင်းသိရသည်။ ''ကျွန်မတို့ ချင်းတောင်လက်ဖက်ခြောက်ဆိုတာက ဆေးဖျန်းတာတို့၊ ဆေးကူတာတို့ လုံးဝမရှိပါဘူး။ သဘာဝခြောက်ဖြစ်ပါတယ်။ အနံ့အရသာလည်းပြင်းပါတယ်၊ ရှမ်းပြည်လက်ဖက်ခြောက်ထက် အရွက်အထည်ကြီးပါတယ်။ ပြုပြင်မှုမရှိတဲ့ သဘာဝလက်ဖက်ခြောက်ဖြစ် ပါတယ်'' ဟု ဂန့်ဂေါမြို့ချင်းတောင် လက်ဖက်ခြောက်အရောင်းကိုယ်စားလှယ် ဒေါ်သန်းကပြောသည်။

ချင်းပြည်နယ်တွင်လက်ဖက်ကို ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်၊ မတူပီ၊ မင်းတပ်မြို့နယ်များတွင် လည်းကောင်း၊ ချင်းပြည်နယ်မြောက်ပိုင်းတွင် ဟားခါး၊ ဖလမ်း၊ တီးတိန်မြို့နယ်များတွင်လည်းကောင်း လွန်ခဲ့သည့် နှစ်သုံးဆယ်ဝန်းကျင်က ကေသောင်းချီစိုက်ပျိုးမှုရှိခဲ့သော်လည်း နည်းပညာအခက်အခဲ၊ လိုအပ်သည့် ဆေးဝါးဓာတ်မြေဩဇာအခက်အခဲများကြောင့် အောင် မြင်သင့်သလောက်အောင်မြင်မှုမရခဲ့ကြောင်း သိရသည်။ ယခုအခါ တီးတိန်မြို့နယ်ထွက် လက်ဖက်ခြောက်များကိုသာ ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132716.html

## အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ကမှာယူသဖြင့် ကျောက်ဆည်ရိုးရာဘော်ကြယ်ဆင်ရုပ်များ တင်ပို့ပေးရ



ကျောက်ဆည်ရိုးရာ ဆင်ရုပ်များကို ပြည်ပနိုင်ငံများက မှာယူမှုရှိလာသဖြင့် ယခုအခါ အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ စတင်တင်ပို့ပေးနေရပြီဖြစ်ကြောင်း ကျောက်ဆည်မြို့သစ်ကြီးတန်းရပ် ရွှေစင်မောင်ဆင်အက အဖွဲ့တည်ထောင်သူ ကိုစိုးရွှေထံမှသိရသည်။ ကျောက်ဆည်မြို့သည် မြန်မာနိုင်ငံတွင် တစ်နေရာတည်းသာကျင်းပသောရိုးရာဆင်အကပွဲတော်ရှိသည့်မြို့ဖြစ်သည်။ ရိုးရာဆင်နှင့်ဘော်ကြယ်ဆင်များမှာ ကျောက်ဆည်ဒေသခံ ဆင်ရုပ်ချုပ်သူများ အများဆုံး ပြုလုပ်ပေးရသည့် ဆင်ရုပ်များဖြစ်သည်။ ကျောက်ဆည်ဆင်ရုပ်များကို ပြည်တွင်းအလှူမင်္ဂလာပွဲများမှ ငှားရမ်းသဖြင့် အညာဒေသ ဘုရားပွဲ၊ ကျောင်းပွဲနှင့်အလှူပွဲရာသီချိန်များမှာ အများဆုံးတွေ့မြင်ကြရသည်။ ''အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် (BYA) phoenix Arizona အလိုတော်ပြည့် ဗုဒ္ဓမ္မရိပ်သာကျောင်း ဗုဒ္ဓဘာသာလူငယ်အသင်းအတွက် မျိုးဆက်သစ်လူငယ်များကမှာကြားလို့ ကျောက်ဆည်မြို့ ဖောင်ရွာရပ် ပန်းချီကိုငယ်လေး (ရွှေအိုးဆင်ရုပ်ချုပ်ပညာရှင်)ထံက

ရွှေချည်ထိုးဆင်ရုပ် ကို ကျောက်ဆည်ဘူတာရုံကနေတစ်ဆင့် တင်ပို့ပေးရပါတယ်''ဟု ရွှေစင်မောင်ဘော်ကြယ်ဆင်အကအဖွဲ့ တည်ထောင်သူ ကိုစိုးရွှေကပြောသည်။

ဂျပန်-မြန်မာစင်တာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဗဟိုဌာန (MJC)မီယာဇာခီစီရင်စု နိုဘဲအိုကမြို့မှ ဘော်ကြယ်ဆင်နှစ်စီးမှာယူသဖြင့် ကျောက်ဆည်မြို့ ပန်းချီဆင်ချိုးပညာရှင် ကိုငယ်လေး+မဝါဝါမော် (ရွှေအိုး ဆင်ချိုး လုပ်ငန်း)မှ ဆင်နှစ်စီးကို ၂၀၂၀ ဇန်နဝါရီတွင် တင်ပို့ပေးမည်ဖြစ်သည်။ ''ဂျပန်ကို ဘော်ကြယ်ဆင်နှစ်စီးတင်ပို့ပြီးလို့ ရောက်သွားရင် ဒီကနေ့ ကျွန်တော်တို့ ဆင်အကအဖွဲ့သားတွေ ဂျပန်ကိုလိုက်သွားပြီး ကိုယ်တိုင်ကပြပေးရမှာပါ။ ကျွန်တော်တို့ ဆင်အကအဖွဲ့သားတွေ ကပြတာကြည့်ပြီး သူတို့အနေနဲ့ အကပညာအသင်ခိုင်းမလားတော့ မပြောတတ်သေးပါဘူး'' ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ကျောက်ဆည်ရိုးရာ ဆင်ရုပ်တုများကို နိုင်ငံခြားတိုင်းပြည်များမှ မှာယူသဖြင့် တိုင်းပြည်အတွက် ဂုဏ်ယူရမည်ဖြစ် ပြီး ကျောက်ဆည်မြို့၏ အမွေအနှစ် ဆင်ချိုးနှင့် ဆင်အကကို မကြာမီ အချိန်အတွင်း ဂျပန်နိုင်ငံသို့ ပြသကပြခွင့် ရရှိတော့မည်ဖြစ်၍ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဂုဏ်ဆောင် ကျောက်ဆည်ရိုးရာ အကဆင်ရုပ်များ ဈေးကွက် ကျယ်ပြန့်စွာရရှိလာနိုင်တော့မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/132749.html

## တရုတ်ကြိုက် မြေပဲဆန်အဖြူနှင့် ဆောင်းနှမ်းများ မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်မှုအရှိန်ရလာ

တရုတ်ကြိုက် မြေပဲဆန်အဖြူနှင့် ဆောင်းနှမ်းများ မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ စတင်ဝင်လာပြီဖြစ်ရာ ဒီဇင်ဘာလဆန်းမှစ၍ အရှိန်ရလာကြောင်း မြန်မာသိန်း ပွဲရုံပိုင်ရှင် ဦးသိန်းဦးထံမှသိရသည်။ "အခုပေါ်နေတဲ့ မြေပဲဆန်က ချောင်းဦး၊ မြင်းမူ၊ မြောင်မြို့နယ်က သြဂုတ်ပဲတွေဝင်နေတယ်။ သြဂုတ်လက စစိုက်တဲ့ အဖြူဆန်မိုးပဲခေါ်တာပေါ့။ စောစောပိုင်းက ဘုတလင်၊ ဒီပဲယင်း၊ ကနီမြို့နယ်တွေကဝင်တဲ့ မြေပဲဆန်ကပါးသွားပြီ။ လက်ရှိပေါ်နေတဲ့ မြေပဲဆန်က တစ်ပိဿာ ကျပ် ၃၁၀၀ ဈေးရှိတယ်။ အခုပေါ်မြေပဲဆန်တွေက တရုတ်ဈေးကွက်ကကြိုက်တယ်။ အရင်မိုးမြေပဲက အရောင်မလှတော့ ဒေသသုံးလောက်ပဲရတယ်။ လက်ရှိက နှမ်းဝင်လာတာအရှိန်နည်းနည်းရလာပြီ"ဟု ဦးသိန်းဦးကပြောသည်။

မြေပဲဆန်သည် တစ်နှစ်ပတ်လုံး အသုံးရှိနေပြီး ဈေးနှုန်းအတက်အကျသာရှိကာ အခြားသီးနှံကဲ့သို့ ပြည်ပဈေးကွက်ကိုလုံးဝရပ်တည်နေသည့်သီးနှံမဟုတ်ဘဲ ပြည်တွင်းမှလည်း အမြဲသုံးနေသည့်အတွက် ဖြုန်းအားကောင်းကြောင်း မြေပဲစိုက်တောင်သူ ဦးသောင်းက ပြောသည်။ "မြေပဲပါးသွားရင်တော့ နောက်ပိုင်းဈေးတက်နိုင်တယ်။ ပြည်တွင်းလည်းအသုံးများတယ်။ ဈေးကွက် သဘောအရ တရုတ်က ဝယ်ရနေသေးတယ်။ ဝယ်မရရင်တော့ သူတို့ တက်ဝယ်ကြမှာပါ။ မနှစ်က အမြင့်ဆုံးဈေးက တစ်ပိဿာ ကျပ် ၄၂၀၀ ရှိခဲ့တယ်"ဟု ဦးသောင်းကပြောသည်။ နှမ်းနက်နှင့် နှမ်းဖြူတို့ကို ၂၀၁၁ ခုနှစ်မတိုင်မီက စ၍ တင်ပို့ကုန်အဖြစ်သတ်မှတ်ခဲ့ပြီး ပြည်တွင်းသုံးနှမ်းကို ၂၀၁၁ ခုနှစ်တွင် ပြည်ပပို့ကုန်အဖြစ်သတ်မှတ်ခဲ့ကြောင်းသိရသည်။ "နှမ်းဖြူနဲ့ နှမ်းနက်က သူ့ဈေးကွက်အတန်းအစားနဲ့သူ တရုတ်ကိုသွားနေတယ်။ လက်ရှိကတော့ ကုန်စည်ဒိုင်ဝင်တဲ့ နှမ်းအိတ်အကုန်လုံးက အရည်အသွေးအလိုက် ဈေးနှုန်းပြတ်တယ်။ ဈေးမပြတ်တာတော့မရှိဘူး"ဟု ဦးသိန်းဦးကပြောသည်။ "အခုချိန်ပေါ်တာ ဆောင်းနှမ်းပါ။ မုံရွာကုန်စည် ဒိုင်ကို မုံရွာ၊ ချောင်းဦး၊ မြောင်၊ ဘုတလင်၊ ဒီပဲယင်းနဲ့ အရာတော်မြို့နယ်တွေက နှမ်းဝင်နေတယ်။ ပေါ်ပြီး ဈေးကွက်ထဲကို နိုဝင်ဘာ ၁၀ ရက်နဲ့ ၁၅ ရက်ကြားမှာ ဝင်လာတာပါ။ လက်ရှိက နှမ်းဝင်လာတာ အရှိန်နည်းနည်းရလာပြီ။ အများကြီးတော့မဝင်သေးဘူး။ နောက်ပိုင်းအဝင်တိုးလာမယ်"ဟု ဦးသိန်းဦးက ပြောသည်။

နှမ်းသည် အခြားသီးနှံများထက် စိုက်ရလွယ်ပြီး ဆုံးရှုံးမှုနည်းသော သီးနှံဖြစ်သည်။ ငှက်၊ ကြွက်တို့၏ ဖျက်ဆီးခံရမှုနည်းပါးသည့်အပြင် သီးနှံအမျိုးမျိုးဖြင့် တွဲဖက်စိုက်ပျိုးနိုင်ပြီး အပူဒဏ်၊ မိုးခေါင်ဒဏ်၊ ရောဂါ နှင့် ပိုးများကို ခံနိုင်ရည်ရှိသောသီးနှံဖြစ်ကြောင်း ဘုတလင်နယ် နှမ်းစိုက်တောင်သူ ဦးဗိုလ်မှတ်ထံမှသိရသည်။ "အခုလတ်တလော နှမ်းဖြူက အနိမ့်ဆုံး ကျပ် ၄၃၀၀၀ က ၅၀၀၀၀ လောက်အထိဈေးရှိပြီး နှမ်းအနက်ကတော့ ကျပ် ၆၅၀၀၀ ကနေ ၇၅၀၀၀ အထိဈေးရှိ တယ်။ ၁၈ ပိဿာတစ်တင်းဈေးပါ"ဟု ဦးဗိုလ်မှတ်ကပြောသည်။ နှစ်စဉ်ဇန်နဝါရီလပေါ်သည့် မြေပဲအနီဆန်ကို ချင်းတွင်းမြစ်အထက်ပိုင်းဒေသများမှ မုံရွာဈေးကွက်သို့ ဝင်ပြီး မြေပဲဆန်အဖြူထက် အနီဆန်ကို တရုတ်ဝယ်လက် များက ပိုကြိုက်ကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132655.html

## စံချိန်တင်မြင့်နေသည့် တရုတ်ကြက်သွန်နီဈေးနှုန်းများ ပြန်လည်ကျဆင်းလာနိုင်

တရုတ်နိုင်ငံ၏ ပြည်ပပို့ ကြက်သွန်နီဈေးနှုန်းများသည် စံချိန်တင်အဆင့်ထိ မြင့်မားနေသော်လည်း တင်ပို့သည့်ပမာဏ ပြန်နည်းလာပြီး ဈေးလည်းပြန်ကျလာနိုင်သည်ဟု ဈေးကွက်သတင်းများတွင်ဖော်ပြသည်။ နိုင်ငံတကာကြက်သွန်နီဈေးကွက်သည် ဒတ်ချ် (ဟော်လန်) ကြက်သွန်နီပေါ် မူတည် လှုပ်ရှားလေ့ရှိပြီး ရာသီဉတုအခြေအနေ ကောင်းမွန်မှုကြောင့် ယခင်နှစ်ထက်စာလျှင် ကြက်သွန်နီ ရောင်းအား ပိုများနေသည်။ တရုတ်သည် ကမ္ဘာ့ကြက်သွန်နီ အများဆုံးထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်သော်လည်း တရုတ်ကြက်သွန်နီပေါက်ဈေးမှာ ဒတ်ချ်တို့၏ ထုတ်လုပ်မှုရောင်းအားပေါ် မှီတည်နေဆဲဖြစ်သည်။ "တရုတ်ထွက် ကြက်သွန်နီတွေကို မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နဲ့ သီရိလင်္ကာနိုင်ငံတွေဆီကို အဓိကထားပြီးတော့ တင်ပို့နေပါတယ်။ ဒါပေမယ့် ဟော်လန်ကြက်သွန်နီဈေးထက် တရုတ်ကြက်သွန်က ဈေးနည်းနည်းပိုမြင့်တော့ တရုတ်ကြက်သွန်နီတင်ပို့မှုလည်း လျော့နည်းသွားပါတယ်။ ဥပမာပြောရရင် မလေးရှားကို တင်ပို့နေတဲ့ ဟော်လန်ကြက်သွန်ဝါဈေးက တစ်တန်ကို ဒေါ်လာ ၃၂၀ ပဲ ရှိပေမယ့် အမျိုးအစားတူ တရုတ်ကြက်သွန်ဈေးနှုန်းက ဒေါ်လာ ၃၉၀ အထိဖြစ်နေပါတယ်" ဟု ကျင်စန်းကောင်တီ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးကုမ္ပဏီမှ မစ္စတာချူကန်ကိုင်က ပြောကြားသည်။

တရုတ်ကြက်သွန်နီ ပို့ကုန်ဈေးနှုန်းသည် စံချိန်တင်အမြင့်ဆုံးတစ်ခုထိ ရောက်ရှိနေသော်လည်း ဈေးကွက်သဘောတရားအရ ပြန်လည် ကျဆင်းမည်သာ ဖြစ်ကြောင်း၊ ကြက်သွန်ဈေးပြန်ကျစေမည့် အကြောင်းရင်းများစွာထဲတွင် ပထမအချက်သည် အရည်အသွေး ကောင်းပြီး ဈေးသက်သာသော ဒတ်ချ်ကြက်သွန်ကြောင့် ဖြစ်ပြီး ဒုတိယအချက်မှာ အရှေ့တောင်အာရှနိုင်ငံများတွင် ကြက်သွန်နီအသစ်များ မကြာခင်ဈေးကွက်ထဲဝင်လာမည့် အချက်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။ "အရှေ့တောင်အာရှမှာ ကြက်သွန်သစ်တွေပေါ်လာတာနဲ့ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှာပါ။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနဲ့မြန်မာနိုင်ငံတွေမှာ ကြက်သွန်အသစ်တွေ လှိုင်လှိုင်ပေါ်များလာတဲ့အခါကျ တရုတ်ကြက်သွန်တွေလည်း ဈေးကွက်ဝေစု နည်းသွားပါလိမ့်မယ်။ အဝယ်အော်ဒါတွေလည်း နည်းလာပါပြီ။ ဒါကြောင့် ကြက်သွန်နီဈေးလည်း ပြန်ကျတော့မယ်လို့ ကျွန်တော်တို့မှန်းထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။ ယခုနှစ်တွင် တရုတ်နိုင်ငံ၏ ကြက်သွန်နီတင်ပို့မှုသည် တန်ချိန် ၈ ထောင်အထိရှိခဲ့ပြီး၊ ယခင်နှစ်ကထက် ၃၀ % ကျော် ပိုများခဲ့ကြောင်း၊ ကြက်သွန်အဓိက စိုက်ပျိုးရာ ကျင်စန်းဒေသမှ ကြက်သွန်နီများကို အရှေ့အလယ်ပိုင်း၊ အစ္စရေး၊ အီရတ်၊ ဩစတြေးလျ၊ နယ်သာလန်နှင့် တောင်အာဖရိကနိုင်ငံများသို့တင်ပို့ကြောင်း ၎င်းကပြောကြားခဲ့သည်။

**Source:** https://www.facebook.com/gromaxxmyanmar/posts/441567003203276?__tn__=K-R

## မန္တလေးတိုင်းမှာ ကျွဲနွားကိုကတ္တားနဲ့ချိန်တွယ်ပြီး ကီလိုဂရမ်စနစ်နဲ့အရောင်းအဝယ်ပြုလုပ်လာ

မန္တလေးတိုင်းဒေသကြီးမှာ ကျွဲ၊နွားအရောင်းအဝယ်ပြုလုပ်တဲ့နေရာမှာ ကတ္တားနဲ့ချိန်တွယ်ပြီး ကီလိုဂရမ်စနစ်နဲ့ အရောင်းအဝယ်ပြုလုပ်တာတွေကို ကုန်သည်အချို့မှာ စတင်ပြောင်းလဲကျင့်သုံးလာတယ်လို့ မန္တလေးတိုင်းဒေသ ကြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ် တင်ပို့ရောင်းချသူများအသင်းက သိရပါတယ်။ အရင်က ကျွဲ၊နွား အရောင်းအဝယ်ပြုလုပ်တဲ့နေရာ မှာ မျက်မြင်စနစ်နဲ့ အရောင်းအဝယ်ပြုလုပ်ခဲ့တာပါ။ သည်စနစ်က မျက်မြင်အနေအထားအတိုင်း အရောင်းအဝယ်ပြုလုပ်ကြတာဖြစ်တဲ့အတွက် အားနည်းချက်တွေရှိတယ်လို့ မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်မောင်စိုးကပြောပါတယ်။ "ဒီတစ်သုတ် နွားဝတယ် ဘယ်ဈေး၊ ဒီတစ်သုတ် နွားပိန် တယ် ဘယ်ဈေးပေ့ါ၊ ခန့်မှန်းနဲ့ဝယ်ကြတာပေ့ါ၊ အခုကတော့ အလေးချိန်နဲ့ပေ့ါ၊ တကယ်သမာသမတ်ကျကျလုပ်မယ်ဆိုရင် အင်မတန်ကောင်းမွန်တဲ့လုပ်ငန်းစဉ်ပေ့ါ၊ ဘာလို့လဲဆို နွားဝရင် ဝတဲ့အတိုင်းရတယ်၊ ပိန်ရင်ပိန်တဲ့ဈေး အတိုင်းရမှာပေ့ါ၊ အရင်တုန်းကတော့ မျက်စိခန့်မှန်းဆိုတော့ တောင်သူတွေဆိုတာက အမြဲ တမ်းရောင်းတာ မဟုတ် ဘူးလေ၊ ကိုယ်ပိုင်တဲ့နွားတစ်နှစ်နေမှ တစ်ကောင်ရောင်းတယ်၊ နှစ်ကောင်ရောင်းတယ်ပေ့ါ၊ မျက်စိခန့်မှန်း ကျတော့ သူတို့လောက်တော့ ဘယ်လိုမှ အစွမ်းမထက်ဘူးလေ၊ အမြဲတမ်းရောင်းဝယ်နေတဲ့သူသာ ဘယ်လောက် ဆိုတာခန့်မှန်းနိုင်တာပါ၊ အခုလိုအလေးချိန်နဲ့ ဝယ်ယူတဲ့အခါကျတော့ တောင်သူက ကိုယ်ရသင့်ရထိုက်တာကို အပြည့်အဝရနိုင်တာပေ့ါ"လို့ ဦးခင်မောင်စိုးကပြောပါတယ်။

ကျွဲနွားတွေကို ကတ္တားနဲ့ချိန်တွယ်ပြီး ကီလိုဂရမ်ဖြင့် ဈေးနှုန်းဖြတ်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကျွဲနွားဈေးအချို့နဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်သားမြို့အနီးမှာ စတင်အသုံးပြုလာနေပါတယ်။ မန္တလေးမြို့နဲ့အနီး ပတ်ဝန်းကျင်ကုန်သည်အချို့လည်း ကီလိုဂရမ်စနစ်ကို စတင်အသုံးပြုလာနေပါတယ်။ ဒါပေမဲ့ သည်စနစ်က နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့စနစ်ဖြစ်ပေမဲ့ ပြည်တွင်းမှာ ကျေးလက်တွေအထိ ဝယ်ယူရတဲ့နေရာမှာ အခက်အခဲရှိနိုင်တယ်လို့ ကျွဲနွားရောင်းဝယ်သူတွေကပြောပါတယ်။

**Source:** https://www.kumudranews.com/news-36491?fbclid=IwAR3Wz8d-A3ywOrxY9ZXaMaYZQdSh GUBe636l94DIwiP1FA6JsWQ6_X8KoCs

## ကိုရီးယားပိုးချိတ်တွေ ဈေးကွက်ရလာ



ကိုရီးယားနိုင်ငံထုတ် ပိုးထည်ချိတ်တွေ ဈေးကွက်နေရာယူလာကြပြီး ရောင်းအားပိုကောင်းနေတယ်လို့ ပိုးထည်လုပ်ငန်းရှင်တွေဆီက သိရပါတယ်။ မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ ပိုးထည်တွေ ရောင်းရပေမဲ့ ကိုရီးယား ပိုးထည်လောက်အရောင်းမသွက်ဘူးလို့ ဆိုပါတယ်။ ကွာလတီကိုကြည့်ပြီး ကြိုက်တဲ့သူကဝယ်ပါတယ်။ သူ့နေရာနဲ့သူရောင်းနေရတုန်းပဲ။ အခုကကတော့ကိုရီးယားကဝင်လာတဲ့ ပိုးတွေရောင်းရတယ်လို့ Sayarma Lumtaya Acheik & Febric ဆိုင်ပိုင်ရှင် မမြတ်စံပိုင်က ပြောပါတယ်။ လက်ရှိအထည်အလိပ်ဈေးကွက်မှာ တရုတ်နိုင်ငံ က ဝင်ရောက်လာတဲ့ အထည်အလိပ်ဈေးကိုယှဉ်ပြီး ရောင်းချရတာကြောင့် ခက်ခဲမှုတွေလည်းရှိနေတယ်လို့သိရပါတယ်။

ချည်ထည်အရည်အသွေးကွာခြားပြီး ဈေးနှုန်းကလည်းကွာခြားတာကြောင့် ကိုရီးယားပိုးထည်ကို ရွေးချယ် ဝယ်ယူကြတယ်လို့ဆိုပါတယ်။ လက်ရှိမြန်မာနိုင်ငံ ပိုးထည်လုပ်ငန်းလုပ်ကိုင်သူတွေအနေနဲ့လည်း ကုန်ကြမ်းပစ္စည်းတွေ ကို ပြည်ပကမှာယူရတာဖြစ်ပါတယ်။ ကိုရီးယားပိုးထည်တွေကတော့ အဆင်ပေါ်မူတည်ပြီး ကျပ် ၃၀၀၀၀ ကနေ သိန်းဂဏန်းအထိရှိပါတယ်။ မြန်မာပိုးထည်တွေကတော့ အနည်းဆုံး ကျပ် ထောင်ဂဏန်းကနေ အများဆုံး သိန်းဆယ်ဂဏန်းအထိရှိပါတယ်။

**Source:** https://www.kumudranews.com/news-6460?fbclid=IwAR26NsYn5qxG3sHst1P_ F2uO3rpVDy YEPfILF3AWJn877zv1XWn5Gg22HuY

## ပခုက္ကူကုန်စည်ဒိုင်တွင် ယခင်နှစ်ထက် ကြက်သွန်နီအဝင်များလျက်ရှိပြီး ဈေးနှုန်းမြင့်တက်

ပခုက္ကူကုန်စည်ဒိုင်တွင် ယခင်နှစ်ထက် ကြက်သွန်နီအဝင်များလျက်ရှိကာ ကြက်သွန်နီဈေးနှုန်းမှာလည်း ယခင်နှစ်ထက် ပိုမိုမြင့်တက်လျက်ရှိပြီး ဈေးနှုန်းမြင့်တက်ချိန်ကာလမှာလည်း ယခင်နှစ်ထက် ပိုမိုကြာမြင့်လျက်ရှိသည်။ ပခုက္ကူကုန်စည်ဒိုင်တွင် အောက်တိုဘာလကုန်ခါနီးအချိန်မှစတင်ကာ ယနေ့အချိန်အထိ ကြက်သွန်နီဈေးနှုန်းမှာ မြင့်တက်လျက်ရှိပြီး ပခုက္ကူကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုနှုန်းမှာလည်း တစ်နေ့လျှင် ပိဿာချိန် ၁ သိန်းမှ ၂ သိန်းကြား ဝင်ရောက်လျက်ရှိကြောင်းသိရသည်။ “ကြက်သွန် ဘာလို့ဈေးတက်လဲဆိုတော့ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း ဆွဲတာမရပ်သေးဘူး။ အဟောင်းကလည်း ပြတ်ထွက်သွားပြီ။ အခုဆိုရင် နွေကြက်သွန်ကလည်းပြတ်သွားပြီ။ ကြက်သွန်လိုအပ်ချက်ကြောင့် ဈေးတက်သွားတာ။ ကြက်သွန်နီက မနှစ်ကထက်လည်း အဝင်များတယ်၊ ဈေးကလည်း သုံးပြန်လောက်တက်တယ်” ဟု ပခုက္ကူမြို့မှ ကြက်သွန်နီကုန်သည် ဦးမိုးဦးကပြောသည်။

ယခင်နှစ်များက ယခုကဲ့သို့ မိုးကြက်သွန်ပေါ်ချိန်တွင် ကြက်သွန်နီ ပေါက်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင်မူ နိုဝင်ဘာလအတွင်းက ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပြီး လတ်တလောအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေကြောင်းသိရသည်။ လတ်တလောအနေဖြင့် ပခုက္ကူကြက်သွန်နီပွဲရုံများသို့ ဝင်ရောက်လျက်ရှိသော ကြက်သွန်နီများမှာ ရေစကြိုမြို့နယ် ကျွန်းထဲကျေးရွာများမှ လာရောက်ရောင်းချကြခြင်းဖြစ်ပြီး ဖေဖော်ဝါရီလတွင် ယောချောင်းဘက်မှ ကြက်သွန်နီများပေါ်မည်ဖြစ်သည်ဟုသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## မြန်မာ့ထွက်ကုန်ကြယ်ပဲအား ပြည်တွင်း၌ရောင်းချနိုင်ရန် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအဖြစ်ထုတ်လုပ်



ပြည်ပဈေးကွက်ကိုသာ မှီခိုနေရသည့် မြန်မာ့ထွက်ကုန်ကြယ်ပဲအား ပြည်တွင်း၌ရောင်းချနိုင်ရန် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအဖြစ်ထုတ်လုပ်၍ ဝယ်ယူပေးလျက်ရှိကြောင်းမန္တလေးမြို့ရှိ ရွှေနဒီအလှကုန်လုပ်ငန်းမှသိရသည်။ “မြန်မာနိုင်ငံကထွက်တဲ့ ကြယ်ပဲကို ကိုရီးယားနိုင်ငံက မဝယ်တော့လို့ ကြယ်ပဲ ဈေးတွေ ကျဆင်းသွားတဲ့အတွက် တချို့တောင်သူတွေဆိုရင် အပင်တွေ ခုတ်လှဲနေကြပြီ။ ဒါကြောင့် ပြည်ပဈေးကွက်တစ်ခုတည်းကို မှီခိုနေဖို့ မလိုအောင် အဆင့်မြင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ပြီး ပြည်တွင်းမှာလည်း စဉ်ဆက်မပြတ်ဝယ်ပေးသလိုဈေးကောင်းလည်းပေးဝယ်ပါတယ်။ ကြယ်ပဲ ရောင်းချလိုသူတွေအနေနဲ့ ကျွန်မတို့ဖွင့်လှစ်ထားတဲ့ မန္တလေးမြို့ က ၈၁ လမ်း၊ ၁၄ လမ်းနဲ့ ၁၅ လမ်းကြားကဆိုင်မှာ လာရောက်ရောင်းချနိုင်ပါတယ် ”ဟု ၎င်းအလှကုန်လုပ်ငန်းပိုင်ရှင် မသင်းသင်းနွယ်ကပြောသည်။ အဆိုပါ အလှကုန်လုပ်ငန်းမှာ ကြယ်ပဲမှ တစ်ဆင့် အဆင့်မြင့်ထုတ်ကုန်များအဖြစ် တင်းတိပ်အမည်းစက်များနှင့်အဆီအဖုများပျောက်ကင်းသည့် လိမ်းဆေးအမှုန့်၊ ခေါင်းလျှော်ရည်၊ မျက်နှာပေါင်းတင်ဆေးရည်၊ ဆပ်ပြာ၊ ဆံပင်သန်ဆေး၊ မျက်နှာပြင်လိမ်းဆေးတို့ကို ထုတ်လုပ်လျက်ရှိသည့်အပြင် မကြာမီခန္ဓာကိုယ်တွင်လိမ်းနိုင်သည့် (body Lotion) ကိုလည်း ထုတ်လုပ်ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ပြည်တွင်းကြယ်ပဲစိုက်ပျိုးထုတ်လုပ်မှုသည် ပြည်ပနိုင်ငံများ၏ ထုတ်လုပ်မှုအားကို ယှဉ်ပြိုင်နိုင်ခြင်းမရှိမှုကြောင့် တင်ပို့မှုလျော့ကျကာ လက်ရှိ တွင် ဈေးနှုန်းသည်လည်း သုံးပုံနှစ်ပုံခန့် ကျဆင်းလာကြောင်း ကြယ်ပဲစိုက်ပျိုးသူများထံမှသိရသည်။ “ပြည်ပနိုင်ငံတွေက ကြယ်ပဲကိုစီးပွားဖြစ်အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာတဲ့အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကလည်း သက်သာလာတယ်။ ပြည်တွင်းမှာက အများဆုံး ငါးကေလောက်ပဲစိုက်ပျိုးကြတယ်။ အထွက်နှုန်းကလည်း မယှဉ်နိုင်သလို၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကိုလည်း မယှဉ်နိုင်ဘူး။ ဒ့ါအပြင် ရာသီဥတုအရ လည်း သူတို့နိုင်ငံတွေက အထွက်ပိုစောတဲ့အတွက် ရောင်းချမှုမှာလည်းနောက်ကျနေတယ်။ ဒါကြောင့်ဈေးနှုန်းတွေကလည်း သုံးပုံနှစ်ပုံလောက် ကျဆင်းသွားတယ်။ ကြယ်ပဲမှာပါဝင်တဲ့ ပစ္စည်းတွေရဲ့ အာဟာရပြည့်ဝမှုကို ကျန်းမာရေးအရ အသိ နည်းတော့ ပြည်တွင်းမှာလည်း စားသုံးမှုနည်းပါးတယ်။ အခုလို ပြည်ပကမဝယ်တော့တဲ့အခါ ဈေးနှုန်းက သိသိသာသာကျဆင်းလာတယ်” ဟု ကြယ်ပဲစိုက်ပျိုးသူ ဦးသန်းအောင်ကပြောသည်။ ကြယ်ပဲဈေးနှုန်းမှာ ယခင်က တစ်ကီလိုလျှင် ငွေကျပ် ၄၀၀၀ မှ ၆၀၀၀ အတွင်း ပေါက်ဈေးရှိသော်လည်း ယခုအခါ ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ဝန်းကျင်၌သာရှိနေသည့်အပြင် ဝယ်ယူမှုမှာလည်း လွန်စွာ နည်းပါးလျက်ရှိနေကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## လာမယ့်ဆယ်စုနှစ်မှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှေးကွေးနိုင်ဟု EIU ခန့်မှန်း

လာမယ့်ဆယ်စုနှစ်မှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုကတော့ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်တုန်းက ရှိခဲ့တဲ့ မြန်နှုန်းရဲ့ ထက်ဝက်သာသာလောက်ပဲ တိုးတက်လိမ့်မယ်ဆိုပြီး စီးပွားရေးအကဲဖြတ်ဆန်းစစ်မှုအဖွဲ့ Economist Intelligence Unit (EIU) က ခန့်မှန်းလိုက်ပါတယ်။ လက်ရှိကမ္ဘာ့စီးပွားရေးတိုးတက်မှုပုံစံတွေဟာ ပြောင်းလဲနေပြီဖြစ်ကြောင်း၊ ဒါကြောင့် အရင်ကရခဲ့တဲ့တိုးတက်မှုတွေကို ပြန်တွေ့ရနိုင်ဖို့အတွက်ကတော့ အာမခံချက် မရှိတော့ကြောင်း Economist Intelligence Unit (EIU) ကစီးပွားရေးပညာရှင် Simon Baptist က ခန့်မှန်းပြောဆိုသွားပါတယ်။“ ၂၀၂၀ မှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုဟာ လွန်ခဲ့တဲ့ ၂၀၁၀ တုန်းကရှိခဲ့တဲ့ မြန်နှုန်းရဲ့ထက်ဝက်သာသာလောက်ပဲရှိလိမ့်မယ်လို့ မျှော်လင့်ရပါတယ်၊ အမြန်ဆန်ဆုံး တိုးတက်မယ့်နိုင်ငံတွေကတော့ အာဖရိက၊ တောင်အာရှနဲ့ အရှေ့တောင်အာရှတို့က နိုင်ငံတွေပဲဖြစ်ပါလိမ့်မယ်” ဆိုပြီး ၎င်းက ခန့်မှန်းသွားပါတယ်။

အလားတူ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF ကလည်း ၂၀၁၉ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ၃ ရာခိုင်နှုန်းဆိုပြီး မကြာသေးခင်က လျှော့ချခန့်မှန်းထားခဲ့ပါသေးတယ်။ ယင်းနှုန်းထားကတော့ ပြီးခဲ့တဲ့ ၂၀၀၈ ၊ ၂၀၀၉ ဘဏ္ဍာရေးအကျပ်အတည်းနောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ပါတယ်။

**Source:** https://www.cnbc.com/…/global-growth-will-be-half-as-fast-o…

SFJ Strategy First Journal

## အိန္ဒိယနိုင်ငံတွင် ကုန်သည်လက်ဝယ်၌ ကြက်သွန်နီသိုလှောင်ထားရှိနိုင်မှုပမာဏအား အစိုးရက လျှော့ချကန့်သတ်ခြင်း

ပြည်တွင်းလက်လီဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်လာခဲ့ရာ သိုလှောင်ဈေး ကစားမှု များအား တားဆီးနိုင်ရန်အတွက် ကုန်သည်များလက်ဝယ်၌ သိုလှောင်ထားရှိနိုင်မည့် ကြက်သွန်နီပမာဏအား ကန့်သတ်ခြင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ပထမပတ်အတွင်း၌ အိန္ဒိယအစိုးရက ဆောင်ရွက်ခဲ့ပါသည်။ လက်လီရောင်းချသူများ၏ ကြက်သွန်နီ လက်ဝယ်ထားရှိနိုင်မှုပမာဏကို ၁၀ တန်မှ ၅ တန်သို့လည်းကောင်း၊ လက်ကားရောင်းချသူများ၏သိုလှောင်မှုကို တန် ၅၀ မှ ၂၅ တန်သို့လည်းကောင်း လျှော့ချသတ်မှတ်ခဲ့သည်။ သို့ရာတွင် ဈေးနှုန်းများဆက်လက်မြင့်တက်မှုရှိနေသဖြင့် လက်လီ ရောင်းချသူများအနေဖြင့် ၎င်းတို့လက်ဝယ်တွင် ကြက်သွန်နီ ၂ တန်ထက် ပိုမိုသိုလှောင်ခြင်းမပြုရန် အိန္ဒိယစားသုံးသူရေးရာ ဝန်ကြီးဌာနမှ ဒီဇင်ဘာဒုတိယပတ်၌ ညွှန်ကြားချက်ထပ်မံထုတ်ပြန်ခဲ့သည်။

ယခုနှစ် မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကြက်သွန်စိုက်ခင်းများ ထိခိုက်ပျက်စီးမှုရှိပြီး ထုတ်လုပ်မှုလျော့ကျလျက် ရောင်းလိုအားနည်းပါးခြင်းက လွန်ခဲ့သော ၂ လတာအတွင်း ပြည်တွင်းဈေးကွက်၌ ကြက်သွန်နီ ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့သည်။ အစိုးရ၏စာရင်းများအရ ၉.၁၂.၂၀၁၉ နေ့တွင် ကြက်သွန်နီလက်လီအမြင့်ဆုံး ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၁၆၅ ရူပီးရှိပြီး နိုင်ငံအတွင်း ပျမ်းမျှ လက်လီဈေးနှုန်းမှာ ရူပီးငွေ ၁၀၀ ခန့်ရှိသည်။ အရည်အသွေးမြင့်သည့် ကြက်သွန်နီကို သုံးစွဲလေ့ရှိသော အိန္ဒိယနိုင်ငံတောင်ပိုင်း မဟာရတ္တရပြည်နယ် Solapur မြို့တွင် ကြက်သွန်နီထိပ်စ လက်လီဈေးမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၂၀၀ အထိ ဈေးမြင့်တက်လျက်ရှိသည်။ ပြည်တွင်း၌ အဓိက စားသုံးကုန်တစ်ရပ်ဖြစ်သော ကြက်သွန်နီလိုအပ်ချက် မြင့်တက်နေမှုအပေါ် ပြည်ပမှကြက်သွန်နီ ၁ ဒသမ ၂ သိန်း တင်သွင်း ဖြည့်ဆည်းနိုင်ရေး တင်ဒါခေါ်ယူဆောင်ရွက်ရန် အိန္ဒိယအစိုးရက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော သတ္တုနှင့် တွင်းထွက်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း (MMTC) သို့ ညွှန်ကြားထားပါသည်။ လက်ရှိကာလတွင် တူရကီနှင့်အီဂျစ် နိုင်ငံတို့မှ ကြက်သွန်နီတန်ချိန် ၂၁၀၀၀ တင်သွင်းရန် စာချုပ်ချုပ်ဆိုထားရှိပြီးဖြစ်သည်။ Business Standard သတင်းဌာန၏ ဖော်ပြချက်အရ တမီနာဒူးပြည်နယ် Tiruchi ဆိပ်ကမ်းမြို့၌ အီဂျစ်နိုင်ငံမှတင်ပို့သော ကြက်သွန်နီတန်ချိန် ၃၀ လက်ခံရရှိပြီး ဈေးကွက်သို့ ဖြန့်ဖြူးခဲ့ရာ လက်လီဈေးနှုန်းအားဖြင့် ၁ ကီလိုလျှင် ရူပီး ၁၀၀ သို့လျှော့ချနိုင်ခဲ့ကြောင်းသိရှိရသည်။ သို့ရာတွင် ပြည်ပမှတင်သွင်းလာမည့် ကြက်သွန်နီများမှာ ပြည်တွင်းဈေးကွက်အတွင်းသို့ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ လလယ်ပိုင်းခန့်မှသာ အပြည့်အဝရောက်ရှိ ဖြန့်ဖြူးနိုင်ဖွယ်ရှိပြီး အိန္ဒိယနိုင်ငံအတွင်း ကြက်သွန်နီလိုအပ်ချက်မှာ ဒီဇင်ဘာလ စတုတ္ထပတ်အထိ မြင့်တက်လျက်ရှိနေဦးမည်ဖြစ်ကြောင်း ကုန်သည်များကပြောဆိုလျက်ရှိသည်။

**Source: စီးပွားရေးသံမှူး-နယူးဒေလီ**

# STOCK EXCHANGE (23.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 23rd Dec. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 586 | 6,693,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,800 | 3,800 | 3,800 | 3,869 | 14,702,200 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 24 | 196,800 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | -500 | -2.17% | 23,000 | 23,000 | 22,500 | 450 | 10,150,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 1,001 | 2,902,900 | 12,823,224 | 37,187 |

## Market summary

As of 23rd Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 455.90 | -11.75 | -2.51% | 466.70 | 466.70 | 455.90 | 5,930 | 34,645,400 | 5 | 624,267 |

### Index chart




# Market Overview

As of 1:00 pm, 23rd Dec. 2019

| MYANPIX | 455.90 ▼ 11.75 |
|---|---|
| Total Volume (shares) | 5,930 |
| Total Value (MMK) | 35 mil |
| Listed Company | 5 |
| Market Cap. (MMK) | 624,267 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,900 | ▲ 50 |